**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**မူပိုင်ခွင့်ဦးစီးဌာန**

**ကြော်ငြာစာအမှတ် (၁/၂၀၂၅)**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၂၁) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဒုတိယဦးစီးမှူး<br>(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | လစ်လပ်( ၉ ) နေရာ |
| ( ခ ) | အငယ်တန်းစာရေး<br>(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | လစ်လပ် ( ၆ ) နေရာ |
| ( ဂ ) | ယာဉ်မောင်း-၅<br>(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | လစ်လပ် ( ၁ ) နေရာ |
| (ဃ) | ရုံးအကူ<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | လစ်လပ် ( ၅ ) နေရာ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ဒုတိယဦးစီးမှူးရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ ( အင်္ဂလိပ်၊ ဥပဒေ၊ စီးပွားရေး၊ ကွန်ပျူတာဘွဲ့ရရှိသူများ ဦးစားပေးမည်။) (ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။)

( ဂ ) အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ (ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။)

(ဃ) ယာဉ်မောင်း-၅ ရာထူးအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ (အနိမ့်ဆုံး ယာဉ်မောင်း(ခ)လိုင်စင် ရှိသူဖြစ်ရမည်။ ယာဉ်မောင်းအတွေ့အကြုံ အနည်းဆုံး ၃ နှစ် ရှိပြီး မော်တော်ယာဉ်ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ ဖြစ်ရမည်။)

( င ) ရုံးအကူရာထူးအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ပြီးသူ ဖြစ်ရမည်။ (ကွန်ပျူတာကျွမ်းကျင်သူကို ဦးစားပေးမည်။)

( စ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသူဖြစ်ရမည်။

( ဇ ) ဌာနဆိုင်ရာတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြစ်မှု၊ ပြစ်ဒဏ် တစ်ခုခုကျခံခဲ့သူ၊ နုတ်ထွက်ခဲ့သူ မဖြစ်စေရ။

( ဈ ) ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် (၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။(လက်ရှိဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။)

(ည) အထက်ဖော်ပြပါ ရာထူးအဆင့်များအားလုံးအတွက် ဌာနတွင် အနည်းဆုံးတစ်ဆက်တည်း(၃)နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

( ဋ ) ဒုတိယဦးစီးမှူးရာထူးလျှောက်ထားသူသည် ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာ မရှိဘဲ(၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်းတာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ်(၂၀)သိန်း(ကျပ်နှစ်ဆယ်သိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်းပေး လျော်ရမည်။

( ဌ ) အငယ်တန်းစာရေးရာထူးလျှောက်ထားသူသည် ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ(၃)နှစ်ပြည့်သည် အထိတစ်ဆက်တည်း တာဝန်ထမ်းဆောင်ရန် ပျက်ကွက် ပါက လျော်ကြေးငွေကျပ်(၁၀)သိန်း(ကျပ်ဆယ်သိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

( ဍ ) ယာဉ်မောင်း-၅ ရာထူးလျှောက်ထားသူသည် ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာ မရှိဘဲ(၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်းတာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ်(၅)သိန်း (ကျပ်ငါးသိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်း ပေးလျော် ရမည်။

( ဎ ) ရုံးအကူရာထူး လျှောက်ထားသူသည် ခိုင်လုံသောအကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ (၃)နှစ်ပြည့်သည်အထိ တစ်ဆက်တည်းတာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေး ငွေကျပ်(၅)သိန်း (ကျပ်ငါးသိန်းတိတိ)ကို တစ်လုံးတစ်ခဲတည်း ပေးလျော် ရမည်။

၃။ လျှောက်လွှာတွင်-

(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်။

( ခ ) မွေးသက္ကရာဇ်။

( ဂ ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ။

(ဃ) လျှောက်ထားလိုသည့်ရာထူး။

( င ) ပညာအရည်အချင်း၊ အောင်မြင်သည့် ခုနှစ်နှင့်အောင်မြင်ခဲ့သည့်ကျောင်း/တက္ကသိုလ်။

( စ ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏အလုပ်အကိုင်။

(ဆ) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်။

( ဇ ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံနှင့်ဖုန်းနံပါတ်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ဒုတိယဦးစီးမှူး၊ အငယ်တန်းစာရေးနှင့် ရုံးအကူရာထူးများတွင် ပညာအရည်အချင်း အထောက်အထားအတွက် ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

( ခ ) ယာဉ်မောင်း-၅ ရာထူးတွင် အထောက်အထားအတွက် ယာဉ်မောင်းလိုင်စင်မိတ္တူ၊

( ဂ ) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ၊

( င ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

( စ ) သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံမှ (၆)လ အတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်(မူရင်း)၊

(ဆ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ (၆)လ အတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)။

၅။ နိုင်ငံ့ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ လည်းကောင်း၊ ပြင်ပမှ လျှောက်ထားသူများ အနေဖြင့် ဤဦးစီးဌာန(နေပြည်တော်)ရုံးချုပ်သို့ ၁၂-၉-၂၀၂၅ ရက်နေ့(သောကြာနေ့)အရောက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၇-၉-၂၀၂၅ ရက်နေ့နှင့် ၁၈-၉-၂၀၂၅ ရက်နေ့များတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ မူပိုင်ခွင့်ဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ယူရန် ဖြစ်ပါသည်။

၇။ ဒုတိယဦးစီးမှူး၊ အငယ်တန်းစာရေးနှင့် ရုံးအကူ ရာထူးနေရာအတွက် ရေးဖြေစာမေးပွဲကို အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ကွန်ပျူတာကျွမ်းကျင်မှု(လက်တွေ့) ကို ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲကို ၂၀-၉-၂၀၂၅ ရက်နေ့တွင် စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပြီး ပဏာမရွေးချယ်ခံရသူများ ကို ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။

၈။ ၂၄-၉-၂၀၂၅ ရက်နေ့တွင် ဒုတိယဦးစီးမှူး၊ အငယ်တန်းစာရေး၊ ယာဉ်မောင်း-၅နှင့် ရုံးအကူ ရာထူးနေရာများအတွက် လူတွေ့/လက်တွေ့ စစ်ဆေးမည် ဖြစ်ပါသည်။

၉။ အသက်ကန့်သတ်ချက်ကျော်လွန်သူများ၊ အချက်အလက်မပြည့်စုံသောလျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျသောလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ရုံးအမှတ်(၅၂)၊ မူပိုင်ခွင့်ဦးစီးဌာန၊ နေပြည်တော် (ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် (၀၆၇-၃၄၃၀၅၇၁)သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

မူပိုင်ခွင့်ဦးစီးဌာန